သင်တို့သည် (စားသောအခါ) စုပေါင်း၍စားသုံးကြလော့။

ထို့ပြင် ယင်းအစားအစာပေါ်၌ "ဗိစ်မိလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏) ဟု

ဆိုကြလော့။ ထိုသို့ပြုလျှင် အလ္လာဟ်အရှင်မြတ်သည်

သင်တို့၏ အစားအစာတွင် ဗရ်ကသ်ကောင်းချီးမင်္ဂလာချီးမြှင့်ပေးတော်မူလိမ့်မည်" ဟု မိန့်ကြားတော်မူသည်။

ဝဟ်ရှီ ဗင်န် ဟရ်ဗ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ၎င်းတို့က "အို-
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ကျွန်တော်မျိုးတို့သည် စားသောက်ကြသော်လည်းဗိုက်မဝကြပါ" ဟု လျှောက်ထားခဲ့ကြသည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က
"သင်တို့သည် တကွဲတပြားစီ (တစ်ဦးချင်းစီ သီးသန့်) စားသောကြောင့် ဖြစ်ပေလိမ့်မည်"
ဟု မိန့်ကြားတော်မူရာ ၎င်းတို့က "ဟုတ်ပါသည်" ဟု လျှောက်ထားကြသည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က "သင်တို့သည် (စားသောအခါ)
စုပေါင်း၍စားသုံးကြလော့။ ထို့ပြင် ယင်းအစားအစာပေါ်၌ "ဗိစ်မိလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါ၏) ဟု ဆိုကြလော့။ ထိုသို့ပြုလျှင်
အလ္လာဟ်အရှင်မြတ်သည် သင်တို့၏ အစားအစာတွင် ဗရ်ကသ်ကောင်းချီးမင်္ဂလာချီးမြှင့်ပေးတော်မူလိမ့်မည်" ဟု မိန့်ကြားတော်မူသည်။
[حسن] [رواه أبو داود وابن ماجه وأحمد]

ဆွဟာဗဟ်သာဝကအချို့က တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)အားလျှောက်ထားမေးမြန်းခဲ့ကြသည်။ ၎င်းတို့က ("အို-အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်) ကျွန်‌တော်မျိုးတို့သည် စားသောက်ပါသော်လည်း ဝမ်းဗိုက်တင်းတိမ်မှုကို မရရှိပါ။" တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ၎င်းတို့အား မိန့်ကြားတော်မူသည်မှာ- တမန်တော်မြတ်က - သင်တို့သည် စားသောအခါ တကွဲတပြားစီ ဖြစ်ကာ၊ တစ်ဦးချင်းစီစားသောက်ကြသလော မိန့်တော်မူရာ သူတို့က "ဟုတ်ပါသည်" ဟု ဖြေကြားကြသည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်- သို့ဖြစ်လျှင်သင်တို့သည် တကွဲတပြားစီမဖြစ်ဘဲ စုပေါင်း၍ စားသောက်ကြလော့။ စားသောက်ရာတွင် "ဗိစ်မိလ္လာဟ်" (အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏) ဟု ရွတ်ဆိုကြ‌လော့။ထိုသို့ပြုလျှင် သင်တို့အတွက် ထိုအစားအစာတွင်ဗရ်ကသ်ကောင်းချီးမင်္ဂလာချီးမြှင့်ခြင်းခံရမည် ဖြစ်ပြီး ဗိုက်ဝခြင်း (တင်းတိမ်မှု) ရရှိပေမည်။

https://sunnah.global/hadeeth/my/show/4212


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee